ဩဂုတ်လ ၂၇ ရက် ၂၀၁၂

ထုတ်ပြန်ချက်စာတမ်း

# စစ်ပြေးဒုက္ခသည်များအား စစ်မီးအတွင်း ပြန်မပို့ရန် ရှမ်းလူထုအဖွဲ့အစည်းများမှ ထုတ်ပြန်ကြေငြာခြင်း။

ထိုင်းနိုင်ငံမြောက်ပိုင်း နယ်စပ်တနေရာမှ စစ်ပြေးဒုက္ခသည် (၅၀၀) ကျော်အား လုံခြုံရေးအာမခံချက် မရှိသေးသည့်ပြင် မကြာခဏပဋိပက္ခဖြစ်နေသော နေရပ်ဒေသသို့ပြန်ပို့ရန် ခြေလှမ်းပြင် စီစဉ်နေသည်ကို ရှမ်းလူထုအဖွဲ့များမှ လေးနက်စွာစိုးရိမ်ပူပန်မိပါသည်။

ယနေ့ နော်ဝေးဒုက္ခသည်ကောင်စီမှ မြန်မာနိုင်ငံငြိမ်းချမ်းရေးထောက်ပံ့သည့်လုပ်ငန်းအစီအစဉ် နှင့် ကန်ထရိုက်ရေးဆွဲ သဘောတူညီချက်အရ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်ခရိုင်တွင်းရှိ ကွန်းကျော် စစ်ပြေးဒုက္ခသည်စခန်းတွင်၊ ထိုင်းနိုင်ငံနယ်စပ်နှင့် ၂၀ ကီလိုမီတာကွာဝေးသော မုံးထားဒေသသို့ စစ်ပြေးဒုက္ခသည် ပြန်ပို့ရေးအတွက် တစ်အိမ်တက်တစ်အိမ်ဆင်း စာရင်း စတင်ကောက်ယူနေပါသည်။ ဤလုသူ နေထိုင်မှုနည်းပါးလှသောရွာသို့ စစ်ပြေးဒုက္ခသည်များ ပြန်လည်နေရာချထားရန် ရှမ်းပြည် တပ်မတော်(တောင်ပိုင်း) နှင့် မြန်မာအစိုးရတို့ နှစ်ဦးနှစ်ဘက်တွေ့ဆုံညှိနှိုင်းရာတွင် ပုံဖော်ခဲ့ကြသော အစီအစဉ်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) နှင့် မြန်မာအစိုးရ နှစ်ဘက် သဘောတူ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးစဉ်ကာလနောက်ပိုင်း ရှမ်းစစ်တပ် နှင့် မြန်မာစစ်တပ် စစ်ပွဲဆက်လက်ဖြစ်ပွားခဲ့သောဒေသများတွင် မုံးထားဒေသသည် အပစ်အခတ်ရပ်စဲရန် သဘောတူညီပြီးနောက် ပဋိပက္ခပြန်ဖြစ်သော ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းမှ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) အား သဘောတူဂတိဂဝတ်ပေးချက်အရ ဟိုမိန်း နှင့် မုံးထား သည် ထိုင်းနိုင်ငံ မယ်ဟောင်ဆွန် နှင့် ချင်းမိုင် ခရိုင်သို့ နယ်စပ်ဆက်သွယ်ရေး မြို့နယ်ခွဲအဆင့်အထိ သတ်မှတ်ပေးခဲ့သည်၊ သို့သော် ဤဒေသအတွင်းတွင် မြန်မာစစ်တပ်စခန်းပေါင်း ၄၀ ကျော် တပ်စွဲထားလျှက်ရှိပါသည်။

၂၀၁၂ ဇူလိုင်လတွင် ကွန်းကျော်ဒုက္ခသည်စခန်းတွင်းနေ စစ်ပြေးဒုက္ခသည်များက နော်ဝေးနိုင်ငံ ကိုယ်စားလှယ် တစ်ဦးအား ၄င်းတို့မပြန်ချင်ကြကြောင်းပြောပြခဲ့ရာတွင်၊ ထိုဒေသတွင်း မြန်မာစစ်တပ် နှင့် အခြားငြိမ်းချမ်းရေးယူထားသော စစ်တပ်များအား ထိတ်လန့်ကြောက်ရွံ့ကြကြောင်း ထို့အပြင် တချို့သောရိယာတွင် မြေမြှုပ်မိုင်းများရှိနေခြင်းကြောင့် မုံးထားဒေသသို့ မပြန်ချင်ကြကြောင်း ပြောပြကြပါသည်၊ ကုန်းကျော်စစ်ပြေး ဒုက္ခသည်စခန်းတွင်း နေထိုင်နေကြသော ဒုက္ခသည်များသည် များသောအားဖြင့် မုံးထားဒေသခံများမဟုတ်ပါ ရှမ်းပြည်နယ်အလယ်ပိုင်းဒေသမှ ထွက်ပြေးလာကြသော စစ်ပြေးဒုက္ခသည်များ ဖြစ်ကြပါသည်။

ယနေ့ အချက်အလက်စတင်ကောက်ယူခြင်းကြောင့် စစ်ပြေးဒုက္ခသည်များ အကျယ်တဝန်း ထိတ်လန့်နေပါသည်။ နော်ဝေးဒုက္ခသည်ကောင်စီသည် မြန်မာနိုင်ငံအတွင်း လုပ်ငန်းအစီအစဉ်

စီမံကိန်းများ ရှိနေကြသော်လည်း ၎င်းတို့သည် တခါမှရှမ်းစစ်ပြေး ဒုက္ခသည်များနှင့် လုပ်ငန်းဆောင်ရွက်ဖူးခြင်းမရှိသေးပါ။

"စစ်ပြေး ဒုက္ခသည် များဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အစမ်းသပ်ခံ အသုံးချခံ သတ္တဝါများ (ပူးသတ္တဝါလို ဆေးစမ်းသပ်ရာတွင် အစမ်းသပ်ခံသည့်သတ္တဝါများ) မဖြစ်သင့်ဘူး။" "နိုင်ငံတကာအလှူရှင်များလည်းပဲ စစ်ပြေးဒုက္ခသည်များ ပြန်လည်နေရာချထားခြင်းအပေါ် ဖိအားပေးမည့်အစား မြန်မာအစိုးရကို တရားမျှတပြီး ရေရှည်တည်တန့်ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး တွေ့ဆုံညှိနှိုင်းအဖြေရှာရန် ဖိအားပေးသွားသင့်တယ်" ဟု ပြောရေးဆိုခွင့်ရှိသူ စိုင်းခေးဆိုင် ရှမ်းသဘာဝပတ်ဝန်းကျင်ဆင်ရာအဖွဲ့မှ ပြောပါသည်။

ရှမ်းလူထုအဖွဲ့များမှ ၂၀၁၂ ဇွန်လအတွင်း ထုတ်ပြန်ခဲ့သော ကြေငြာချက်စာတမ်းတွင် မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ထောက်ပံ့ထောက်ခံနေသော နိုင်ငံခြားအစိုးရများ နှင့် နိုင်ငံခြားအလှူရှင်များသည် "ကြားနေ ဘက်မလိုက်" သူများအဖြစ်နေသင့်ကြောင်း နှင့် တိုင်းရင်းသားများအား စစ်တပ်ပုံသွင်းထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်တွင်သွပ်သွင်းရန် အကြပ်ကိုင်ဖိအားမပေးသင့်ကြောင်း အတိအလင်းဖေါ်ပြထားပါသည်။

**ဆက်သွယ်ရန်**


စိုင်းခေးဆိုင် (၀၈၁၆၇၂၂၀၃၁) shancbosforum@gmail.com
ယိင်းဟန်ဖ (၀၈၉၂၆၂၇၈၄၈) shancbosforum@gmail.com
နန်းမွန်းကိန် (၀၈၁၉၉၂၁၁၂၁) shancbosforum@gmail.com
နန်းချမ်တောင်း (၀၈၁၆၀၃၆၆၅၅) shancbosforum@gmail.com


ရှမ်းလူထုအဖွဲ့အစည်းများ၊ ရှမ်းလူအခွင့်အရေးမဏ္ဍိုင်၊ ရှမ်းသဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့၊ ရှမ်းအမျိုးသမီးရေးရာကွန်ယက်၊ ရှမ်းလူငယ်စွမ်းအား၊ ရှမ်းလူငယ်ကွန်ယက်အဖွဲ့

**နောက်ဆက်တွဲ**

(၁) နေရာပြန်လည်ချထားမည့်နေရာပြမြေပုံ
(၂) ကွန်းကျော်ဒုက္ခသည်စခန်း၏နောက်ခံသမိုင်း
(၃) ရှမ်းလူထုအဖွဲ့အစည်းများ၏ ပူးပေါင်းထုတ်ပြန်သည့် လက်ရှိနိုင်ငံရေးအခြေအနေ နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကြေငြာချက်စာတမ်း (ဇွန်လ ၁၂ ရက် ၂၀၁၂)